# CCI FRANCE MYANMAR

FRENCH MYANMAR CHAMBER OF COMMERCE & INDUSTRY

## #COMETOMYANMAR VIDEO CONTEST 2019

## လျှောက်လွှာဖြည့်စွက်ရန်ဖောင်

---

အကဲဖြတ်ဂျူရီလူကြီးမင်းများသည် ယခုလျှောက်လွှာဖောင်တွင် ဖြည့်စွက်ထားသော ပြိုင်ပွဲဝင်၏ အချက်အလက်များကို ဂရုတစိုက် စစ်ဆေးမည်ဖြစ်သည်။

ယခုလျှောက်လွှာဖောင်ကို ပြည့်စုံစွာဖြည့်စွက်ပြီး အချက်အလက်များအားလုံးကို ပြည့်စုံစွာရေးသွင်းဖြည့်စွက်ရမည် ဖြစ်သည်။ ပြည့်စုံစွာဖြည့်သွင်းထားသော လျှောက်လွှာဖောင်များကို **၁၅ရက် နိုဝင်ဘာ ၂၀၁၉ ညနေ၆နာရီထက်နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်သည်။**

ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) နှင့် အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် ပြည့်စုံစွာဖြည့်သွင်းထားခြင်းမရှိသော လျှောက်လွှာများ၊ အချက်အလက်အမှားများကို ဖြည့်စွက်ထားသော လျှောက်လွှာများနှင့် သတ်မှတ်ချက်များနှင့်မညီသော လျှောက်လွှာများကို ပယ်ချခွင့်ရှိသည်။ ထိုသို့ပယ်ချခံရသော လျှောက်လွှာရှင်များသည် မည်သည့်အကြောင်းနှင့်မျှ ကုန်ကျစရိတ်များကို လျော်ကြေးအဖြစ် ပြန်လည်တောင်းခံခွင့်ရှိမည် မဟုတ်ပါ။

ပြိုင်ပွဲဝင် ဗီဒီယိုများကို ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်လျှောက်ထားခြင်းဖြင့် ပြိုင်ပွဲဝင်များသည် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ ၎င်း၏ website (www.ccifrance-myanmar.org) တွင် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြန်ထားသော ပြိုင်ပွဲ၏ စည်းကမ်းနှင့်သတ်မှတ်ချက်များကို ဖတ်ရှုနားလည်သဘောပေါက်ပြီးဖြစ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

**ပြိုင်ပွဲဝင်၏ကိုယ်ရေးအကျဉ်း**

အမည်:

မွေးသက္ကရာဇ်:

မှတ်ပုံတင် အမှတ် (သို့) ယာဉ်မောင်းလိုင်စင်:

မြန်မာပြည်တွင်ရှိသော အမြဲတမ်းနေရပ်လိပ်စာ:

E-mail လိပ်စာ:

Mobile ဖုန်းနံပါတ်:

Facebook account/page:

## ပြိုင်ပွဲဝင် ဗီဒီယို အကြောင်း

အောက်ပါ ဗီဒီယို ကဏ္ဍ (၄)ခု ထဲမှ မိမိဝင်ရောက်ယှဉ်ပြိုင်လိုသော ကဏ္ဍ အတွက်ရွေးချယ်ပါ။

- [ ] "You're welcome" - ကြိုဆိုလျက်ပါ
- [ ] "It's unique" - ထူးခြားမှုများနှင့် ပြည့်နေသော မြန်မာနိုင်ငံ
- [ ] "What's new?" - အသစ် အသစ်တွေကဘာလဲ။
- [ ] My day in Myanmar" - မြန်မာနိုင်ငံအတွင်း မိမိနေ့ရက်များ

ဗီဒီယိုကို ရိုက်ကူးထားသော ခုနှစ်:

ဗီဒီယို၏ကြာချိန်:

ဗီဒီယိုတွင်ပါသော ဒေသများ:

ဗီဒီယိုတွင်အသုံးပြုထားသော ဘာသာစကား:

ဗီဒီယိုတွင် အင်္ဂလိပ်စာတန်းထိုးပါပါသလား။ *ပါသည်။ / မပါပါ။*

ပြိုင်ပွဲဝင်ဗီဒီယိုအကြောင်းနှင့် ပြိုင်ပွဲဝင်အနေဖြင့် အများပြည်သူသို့ မည်သည်သတင်းစကားပါးချင်ကြောင်းကို အကျဉ်းရုံးဖော်ပြပေးပါ။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

## အခြားသောအချက်အလက်များ

အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် ၁၅ရက် နိုဝင်ဘာ ၂၀၁၉ နောက်ပိုင်းတွင် ကဏ္ဍတခုစီအတွက် ဆန်ခါတင် ၃ယောက်ကို ရွေးချယ်ပေးသွားမည် ဖြစ်သည်။

Public's Choice Award အတွက် ၁၅ရက် နိုဝင်ဘာ ၂၀၁၉ နှင့် ၄ ဒီဇင်ဘာ ၂၀၁၉ အတွင်း ရရှိသော Vote များကိုရေတွက်ကာ အနိုင်ရရှိသူကိုကြေငြာသွားမည် ဖြစ်သည်။

ဆုများကို ၂၀၁၉၊ ဒီဇင်ဘာလ ၁၁ ရက် - ဗုဒ္ဓဟူးနေ့တွင် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ ကြီးမှူးကျင်းပသော Makers Night အမည်ရ နှစ်ပတ်လည် ညစာစားပွဲ၌ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

ဆုရရှိသူများသည် ၂၀၁၉၊ ဒီဇင်ဘာလ ၁၁ ရက် - ဗုဒ္ဓဟူးနေ့တွင် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ ကြီးမှူးကျင်းပသော Makers Night အမည်ရ နှစ်ပတ်လည် ညစာစားပွဲကို တက်ရောက်ရမည် ဖြစ်ပြီး တက်ရောက်နိုင်ခြင်း မရှိပါက ပြိုင်ပွဲဝင်အနေဖြင့် ယခုပြိုင်ပွဲကို စစ်မှန်သော စိတ်အားသန်မှု မရှိဟု ယူဆပြီး ပြိုင်ပွဲမှ ထုတ်ပယ်ခြင်းခံရနိုင်သည်။ ထိုသို့ ဖြစ်ခဲ့ပါက ဆုရရှိခဲ့သော်လည်း ဆုပေးပွဲမတက်ရောက်နိုင်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသူအနေဖြင့် မည်သည့် အကြောင်းနှင့်မျှ ကုန်ကျစရိတ်များကို လျော်ကြေးအဖြစ် ပြန်လည်တောင်းခံခွင့်ရှိမည် မဟုတ်ပါ။

ထို့အပြင် ယခုလျှောက်လွှာဖောင်နှင့်တကွ အောက်ပါ စာရွက်စာတမ်းများကိုပါ တပါတည်းပို့ပေးရမည်ဖြစ်သည်။

- ရှေ့နောက်စာမျက်နှာ ၂ခုလုံးပါသော ၁၈နှစ်ပြည့် မှတ်ပုံတင်မိတ္တူ (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်မိတ္တူ။
- (မကြာသေးမီက ၁၈နှစ် ပြည့်ပြီး၍ ၁၈နှစ်ပြည့် မှတ်ပုံတင်လျှောက်ထားဆဲသူများသည် ၁၀နှစ်ပြည့် မှတ်ပုံတင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။)
- နောက်ဆုံး စာမျက်နှာတွင် ဖော်ပြထားသော စည်းကမ်းနှင့်သတ်မှတ်ချက်များ အား မိမိ သဘောတူကြောင်း လက်မှတ် ရေးထိုးထားသော မိတ္တူ ၊
- ပြိုင်ပွဲဝင်ရန် မှတ်ပုံတင်သော လျှောက်လွှာ စာရွက်ပေါ်တွင်လက်မှတ်ထိုးထားသော မိတ္တူ။
- ယေဘူယျ အသုံးပြုလေ့ရှိသော Video Format ဖြစ်သည့် (.mp4, .avi, .mkv, .mov, .wmv) ဖြင့် ရိုက်ကူးထားသော (၃မိနစ်ခန့်) ဗီဒီယိုအတိုတစ်ပုဒ်။

ပြိုင်ပွဲ၏ စည်းကမ်းနှင့်သတ်မှတ်ချက်များကို (Terms & Conditions) ကို ပြိုင်ပွဲဝင်များကို သတင်းအချက်အလက်များပေးရန် ဖန်တီးထားသော CCI France Myanmar ၏ website စာမျက်နှာ (www.ccifrance-myanmar.org)တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

လျှောက်လွှာဖောင်နှင့် လျှောက်လွှာဖိုင်တွင် ပါဝင်ရမည့် စာရွက်စာတမ်း များ (ဗီဒီယို အပါအဝင်) ကို communication@ccifrance-myanmar.org သို့ www.wetransfer.com ဖြင့် ပေးပို့ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိတို့၏ လျှောက်လွှာဖိုင်များကို CCI France Myanmar က  ဒေါင်းလုတ်ရယူနိုင်ရန်အတွက် Google Drive Link သို့မဟုတ် Dropbox Link များဖြင့်လည်း ပေးပို့နိုင်သည်။

ထို လျှောက်လွှာဖိုင်များကို CCI France Myanmar မှ download ရယူရန် အတွက် မြန်မာစံတော်ချိန် ၂၀၁၉ ၊ နိုဝင်ဘာ၊ ၁၅ရက် ညနေ ၆နာရီ မတိုင်မီ CCI France Myanmar သို့ အီးမေးလ် ဖြင့်ပေးပို့ပြီး ဖြစ်ရမည်။ သတ်မှတ်ချိန်ထက်ကျော်လွန်ပြီးမှ ရောက်လာသော ပြိုင်ပွဲဝင် ဗီဒီယိုများကို ပြိုင်ပွဲအတွက် လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

☐ ယခုပြိုင်ပွဲဝင်လျှောက်လွှာနှင့် တောင်းဆိုထားသော စာရွက်စာတမ်းများကို CCI France Myanmar သို့ ပေးပို့ခြင်းဖြင့် ကျွန်ုပ်သည် CCI France Myanmar မှ #COMETOMYANMAR Video Contest 2019 သို့ ဝင်ရောက်ရန်အတွက် ထုတ်ပြန်ထားသော စည်းကမ်းနှင့်သတ်မှတ်ချက်များ (Terms & Conditions) ကို ဖတ်ရှုနားလည်သဘောပေါက်ကြောင်းဝန်ခံကတိပြုပါသည်။ ထို့အပြင် ကျွန်ုပ်တင်သွင်းသော အကြောင်းအရာများကို CCI France Myanmar က အင်တာနက်၊ လူမှုကွန်ယက် နှင့် အခြားသော ဆက်သက်ရေးကွန်ယက်များတွင် အများပြည်သူထံသို့ တင်ဆက်ပြသထုတ်လွှင့်မည်ကိုလည်း သိရှိနားလည် သဘောပေါက်ခွင့်ပြုကြောင်း လက်မှတ် ရေးထိုးပါသည်။

…………………..၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တွင်လက်မှတ်ရေးထိုးပါသည်။

*နေ့စွဲ*

*အမည်*

*လက်မှတ်*